# ဤစာအုပ်နှင့် ပတ်သက်၍

စာရေးသူ၏နှစ်ဖက်ဘိုးဘွားမိဘတို့သည် တောင်သူလယ်သမားများဖြစ်ကြသည်။ စာရေးသူကိုယ်တိုင်လည်း လယ်သမားသားသမီးဖြစ်၍ ကျေးလက်တောရွာ၌ပင် မွေးဖွားကြီးပြင်းခဲ့ရသည်။ ငယ်စဉ်ကတည်းက လယ်လုပ်ငန်းနှင့် ရင်းနှီးကျွမ်းဝင်ဖြစ်ခဲ့သည်။ မိဘတို့က ကျောင်းထားပေးသဖြင့် ခေတ်ပညာသင်ခဲ့ရသော်လည်း ကျောင်းပိတ်ရက်ဆိုလျှင် လယ်ထဲဆင်းရသည်။ လယ်လုပ်ငန်းကို အတန်အသင့် ကျွမ်းကျင်ခဲ့သလို လယ်သမားဘဝကိုလည်း ကိုယ်တိုင်ခံစားနားလည်ခဲ့ရသည်။

ယခုစာအုပ်တွင် မိမိကိုယ်တိုင်ပါဝင်ဖြတ်သန်းခဲ့ရသည့် လယ်သမားတို့၏ ဘဝအခြေအနေနှင့် ကာလအခြေအနေများကို လက်လှမ်းမီသမျှ ရေးသားဖော်ပြထားသည်။ စာရေးသူ လယ်သမားဘဝနှင့်ဖြတ်သန်းခဲ့ရသော လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအစိုးရခေတ် (ဦးသိန်းစိန် အစိုးရ)ကာလများတွင် ကျေးလက်ဒေသ၌ ကြုံတွေ့ရသည်တို့ကို တင်ပြထားသည်။ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိမဟုတ်၊ အတွေ့အကြုံမျှသာ ဖြစ်ပါသည်။ ဤစာအုပ်သည် အသက် ၄၀ နှင့်အောက် တောင်သူလယ်သမား လူငယ်လူရွယ်များကို ရည်ညွှန်းရေးသားသည်ဟုလည်း ဆိုနိုင်ပါသည်။ သူတို့ လက်လှမ်းမမီ၊ မမှတ်မိနိုင်သည့် ခေတ်ကာလအခြေအနေ တစ်စိတ်တစ်ဒေသကို သိရှိနိုင်ဖို့လည်း ရည်ရွယ်ပါသည်။

ပြီးခဲ့သည့် ကာလအတွက် ဘာလုပ်၍ရမည်လဲဟု စောဒက တက်ဖွယ် ရှိနိုင်ပါသည်။ သမိုင်းပညာရှင်ကြီး ပါမောက္ခဒေါက်တာသန်းထွန်းကတော့ သမိုင်း မသိလျှင် "လူအ"တွေ ဖြစ်မည်ဟု ဆိုခဲ့ပါသည်။ မိမိတို့လယ်သမားများအနေဖြင့်လည်း "လူအ"များ မဖြစ်ကြစေဖို့ အတိတ်ကာလသမိုင်းကို သိသင့်သည်ဟု မြင်ပါသည်။ စာရေးသူ၏ စာအုပ်တွင် ခေတ်ကာလအလိုက် အုပ်ချုပ်ခဲ့သည့် အစိုးရတို့၏ လုပ်ဆောင်ချက်များ၊ မူဝါဒများ၊ ဥပဒေများကိုလည်း တစ်စိတ်တစ်ဒေသ ဖော်ပြထားပါသည်။ ဗဟုသုတဖြစ်ဖွယ် မှတ်သားနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ထိခိုက်နစ်နာစေလိုသော ရေးသားမှုမပါ၊ အရှိတရားအပေါ် အခြေခံ၍ ရေးသားထားခြင်းလည်း ဖြစ်ပါသည်။

သို့ပါ၍ ဘဝတူတောင်သူလယ်သမားများအတွက် တစ်စုံတစ်ရာ အကျိုးရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဖိုးရာဇာ(မအူပင်)